ရှုပ်ထွေး သွားကြလေ၏ ။

“ဖြောင်း… ဖြောင်း… ဖြောင်း…”

လက်ခုပ်သံကြောင့် တိုက်ခိုက်မှု များ ကို ညီတူညာတူ ရပ်တန့်ပစ်လိုက်ကြပါသည်။

“ဟာ… ဆရာ”

လက်ခုပ်တီး၍ သူတို့ကို ပြုံး ပြုံး ကြီး ကြည့်နေတာက သင်တန်းဆရာ ဦးအောင်ခိုင် ဖြစ်သည်။ သုံးယောက် သား ဦးညွတ်၍ ဂါ၀ရပြုလိုက်ကြ၏ ။ ဦးအောင်ခိုင်က…

“မင်းတို့သုံးယောက် ကတော့ဟော့… တကယ်ကြိုး စားတဲ့ကောင်တွေ ပဲ… ငါတောင် မရောက်သေးဘူး၊ လေ့ကျင့်နေကြတယ်… အားရတယ်ကွာ… အားရတယ်…”

“သမီးတို့ကိုကော အားမရဘူးလား ဆရာ…”

အသံနှင့် အတူသင်းသင်းယုနှင့် ခင်အေးမြင့်မိုးရောက်လာကြသည်။ သူတို့နှစ်ဦးသည် ထူးထူးခြားခြား မိန်းမသားတွေ ဖြစ်ပေသည်။ ဒါကြောင့် မို့လည်း ဒီလိုသင်တန်းမျိုး ကို ဒုက္ခ သုက္ခခံကာ လာတက်လာ ဖြစ်၏ ။ သစ်ဆူးက…

“နင်တို့ကို ဆရာက ဘာကို အားရ, ရမှာ လဲ… ပြောစမ်းပါဦး…မိန်းမလေးတွေ တန်မဲ့ နေရာတကာ ဝင်ပါတယ်၊ ခြေကားယား လက်ကားယားနဲ့ကို ဖြစ်နေတာပဲ…”

“အောင်မာ… အောင်မာ၊ ကိုယ်ခံပညာဆိုတာ မိန်းကလေး ဖြစ် ဖြစ် ယောက်ျားလေး ဖြစ် ဖြစ်တတ်ထားသင့်တယ်တဲ့ဟဲ့… မိန်းကလေးတွေ ကတောင်ပိုတတ်ထားသင့်သေးတယ်… မိန်းကလေးတွေ ယောက်ျားလေးတွေ လာခွဲခြားမနေနဲ့၊ အခုခေတ်မှာ ငါတို့မိန်းမတွေ က နင်တို့ယောက်ျားတွေ နဲ့ တန်းတူရင်ပေါက်တန်းနိုင်နေပြီဆိုတာ နားလည်ထား”

သင်းသင်းယုက ခါးထောက်၍ ကက်ကက်လန် ပြန်ပြော၏ ။ ခင်အေးမြင့်မိုးကလည်း ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံနေပါသည်။ ရသက သူတို့နှစ်ယောက် ကြားထဲ စွေ့ခနဲ ဝင်ရပ်လိုက်ပြီး ရင်ကော့လျက်

“ကဲ… လူလည်းစုံပြီ၊ ငြင်းခုန်မနေကြနဲ့တော့… စကြမယ်”

ရသနှင့် သစ်ဆူးသည် စောစောက သွေးရိပ် ပစ်ပေါက်ပေးထားသည့် အထုပ်နှစ်ထုပ်ကို ကောက်ယူပြီး သူတို့ကျောပိုးအိတ်တွေ ထဲသွားထည့် လိုက်ကြသည်။

အားလုံး ညီညီညာညာ လူစီတော့ အောင်စိုးထက်က ကောင်မလေးတွေ ဘေးနား ပြေးကပ်ရပ်သည်။ ဦးအောင်ခိုင်သည် ချန်ပီယံဟောင်ပီသစွာ သင်ကြားရေး မှာ စနစ်တကျရှိသည်။ ကောင်မလေးတွေ ပါသဖြင့် တွင် ကျယ်မှု တော့ နေးကွေး၏ ။

ဝါသနာနှင့် ဆန္ဒအရ ဦးအောင်ခိုင်က အားလပ်ချိန် ညနေခင်းတွေ မှာ လူငယ်တွေ ၏ လိုအပ်ချက်ကို စေတနာ အဓိကထား၍ ဖြည့်ဆည်းပေးနေတာ ဖြစ်၏ ။ ဒီပညာရပ် အားကိုးဖြင့် မဆိုးမိုက်ဖို့လည်း သူ့မှာ သွန်သင်ဆုံးမ ရသေးသည်။

ချွေးသံတရွှဲရွှဲနှင့် … မာန်သွင်းဟစ်အော် လေ့ကျင့်သံများ က ညနေတစောင်း မိုးချုပ် ခါနီး မှ ဆိတ်ငြိမ်ပြီးဆုံး သွားပါသည်။ သင်တန်းဖြုတ်တော့ အားလုံး
နွမ်းနယ်မောပန်းနေကြ လေပြီ။

ဦးအောင်ခိုင်က အားလုံးကို နှုတ်ဆက်ပြီး ပြန်သွားသည်။ သူတို့လူငယ်တွေ က တော့ အိမ်တန်းမပြန်သေးဘဲ အားကစားခန်းမရှေ့ရှိ လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ပြီး ချောင်သွားသော ဗိုက်ကို ဝမ်းစာပြန်လည်ဖြည့်တင်းကြသည်။

သင်းသင်းယု၊ ခင်အေးငြိမ်း၊ အောင်စိုးထက်တို့က လက်ဖက်ရည် တစ်ယောက် တစ် ခွက်မှာ သောက်ပြီး မုန့်တွေ ကို အဝတီးကြပါသည်။ ရသ၊ သစ်ဆူးနှင့် သွေးရိပ်တို့ သုံးဦးက တော့ မုန့်တွေ ကို လုယက်စားကြပေမဲ့ လက်ဖက်ရည်ကိုတော့ တစ်ခွက်တည်းမှာပြီး သုံး ယောက် အတူဝေမျှကာသောက်ကြ၏ ။

ရသနှင့် သစ်ဆူးက သွေးရိပ်ပေးထားသည့် အထုပ်ကိုကျောပိုးအိတ်ထဲမှ ဆွဲထုတ် ရင်း…

“သွေးရိပ်… ဒါ ဘာလဲ”

“ဟာ… ဟိတ်ကောင်တွေ … အဲဒါ ဆင်ဝက်ခြံကွ ဆင်ဝက်ခြံ”

အောင်စိုးထက် ဒွေ့ဒွေ့ခုန်၍ ကျန်ခဲ့လေသည်။ ရသ၊ သစ်ဆူး၊ သွေးရိပ်တို့ သုံးဦး ကတော့ တစ်ယောက် ပခုံးကို တစ်ယောက် ဖက်ပြီး မြောက်ကြွမြောက်ကြွဖြင့် ထွက်ခွာသွားကြ၏ ။

သူတို့သည် စည်းလုံးညီညွတ်သည့် အချစ်ဆုံးသူငယ်ချင်းသုံးယောက် ဟူ၍ အတင်း ကြီးသူတွေ ဖြစ်ပါသည်။

♥♥♥

## အခန်း(၂)

နေ့သစ်တစ်ခုက မပျင်းမရိ နိုင်းထ၍ လာ၏ ။ သန့်စွမ်းလာသော အလင်းတန်းတို့နှင့် တကွ သစ်ဆူးနှင့် ရသသည် သွေးရိပ်အိမ်သို့ ဆိုင်းမဆင့် မှံမပါစွာ ရိုးရိုးကလေးပဲ ရောက်ချလာပါသည်။

ခြံထဲ ဝင်ဝင်ချင်း လမ်းလျှောက်နေသည့် သွေးရိပ်၏ မိခင် ဒေါ်အေးမြင့်ကို တွေ့မြင် လိုက်ရလေသည်။ သစ်ဆူးက…

“အမေ…သွေးရိပ်ကောဟင်…”

“အိမ်ထဲမှာ ရှိတယ် သားတို့ရဲ့ ၊ သွားကြလေ…”

“ဟုတ်ကဲ့ အမေ…”

ရသနှင့် သစ်ဆူးက ဒေါ်အေးမြင့်ရှေ့မှ ခေါင်းငုံ့၍ ထွက်လာခဲ့သည်။ သူတို့သုံးယောက် စလုံးက ဘယ်သူ့မိဘကိုမဆို ကိုယ့်မိဘပမာခေါ်ဝေါ် ဆက်ဆံကြ၏ ။ တစ်ဦးတည်းသော သားတွေ သာ ဖြစ်သဖြင့် သူတို့အချင်းချင်းလည်း ညီအစ်ကိုအရင်းအချာသ ဖွယ်

